## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# COVID – 19 ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားသော ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်ဆောင်ရွက်ရာတွင်လိုက်နာရမည့်စံကိုက်လုပ်ငန်းလမ်းညွှန်

**(SOP on Resumption of Immunization Services during and after COVID–19 outbreak)**

(၂၀၂၀) ခုနှစ်၊ မေလ

J

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၅ |
| ၂။ | စံကိုက်လုပ်ငန်းလမ်းညွှန်ချက်၏ ရည်ရွယ်ချက် | ၆ |
| ၃။ | ကာကွယ်ဆေးထိုးလုပ်ငန်းပြန်မစတင်မီကြိုတင်ပြင်ဆင်ခြင်း | ၇ |
| | ၃.၁။ဗဟိုအဆင့်မှဆောင်ရွက်ရန် | ၇ |
| | ၃.၂။တိုင်းဒေသကြီး/ပြည်နယ်၊ ဆေးရုံများနှင့်မြို့နယ်အဆင့်ဆောင်ရွက်ရန် | ၈ |
| | ၃.၃။ ဆေးရုံကာကွယ်ဆေးထိုးခန်းများတွင်ဆောင်ရွက်ရန် | ၁၀ |
| | ၃.၄။မိခင်ကလေး/ဒေသန္တရ/ကျေးလက်/တိုက်နယ် ကျန်းမာရေးဌာနများအဆင့်ဆောင်ရွက်ရန် | ၁၂ |
| | ၃.၅။ကာကွယ်ဆေးထိုးသူ/သားဖွားဆရာမများဆောင်ရွက်ရန် | ၁၃ |
| | ၃.၆။ရပ်ကွက်/ကျေးရွာအုပ်ချုပ်သူများနှင့်စေတနာ့ဝန်ထမ်းများဆောင်ရွက်ရန် | ၁၆ |
| ၄။ | ကာကွယ်ဆေးထိုးမည့်ကလေးဦးရေခန့်မှန်းခြင်း | ၂၀ |
| ၅။ | ကာကွယ်ဆေးနှင့် ပစ္စည်းလိုအပ်ချက်တွက်ချက်ခြင်း | ၂၁ |
| | ၅.၁။ကာကွယ်ဆေး | ၂၁ |
| | ၅.၂။ကာကွယ်ဆေးထိုးလုပ်ငန်းသုံးပစ္စည်း | ၂၁ |
| | ၅.၃။ လက်သန့်စင်ရန်အတွက်ပြင်ဆင်ခြင်း | ၂၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၅.၄။ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာကာ (Surgical mask နှင့် Face-shield) | ၂၂ |
| | ၅.၅။မိဘ/အုပ်ထိန်းသူအတွက်ပါးစပ်နှင့်နှာခေါင်းစည်းနှင့် ကလေးအတွက်မျက်နှာကာ | ၂၂ |
| | ၅.၆။ကာကွယ်ဆေးထိုးခန်းစုရပ်ရှိနေရာများအားထင်ရှားစွာအမှတ်အသားပြုလုပ်ခြင်း | ၂၃ |
| ၆။ | ကာကွယ်ဆေးထုတ်ယူခြင်းနှင့်ပို့ဆောင်ခြင်း | ၂၄ |
| ၇။ | ကာကွယ်ဆေးထိုးခြင်း | ၂၅ |
| | ၇.၁။ကာကွယ်ဆေးထိုးရန်နေရာပြင်ဆင်ခြင်း | ၂၅ |
| | ၇.၂။ကာကွယ်ဆေးထိုးရန်ပြင်ဆင်ခြင်း | ၂၈ |
| | ၇.၃။ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း | ၂၉ |
| | ၇.၄။မိဘအုပ်ထိန်းသူများကို မှာကြားခြင်း | ၃၅ |
| | ၇.၅။မှတ်တမ်းရေးသွင်းခြင်း၊ ပျက်ကွက်ကလေးရှာဖွေခြင်း | ၃၅ |
| ၈။ | အစီရင်ခံစာပေးပို့ခြင်း | ၃၆ |
| ၉။ | လုပ်ငန်းဆန်းစစ်ဆွေးနွေးခြင်း | ၃၇ |
| ၁၀။ | ရန်ပုံငွေသုံးစွဲခြင်း | ၃၇ |
| ၁၁။ | နိဂုံး | ၃၇ |

# COVID–19 ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားသော ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ပြန်လည်ဆောင်ရွက်ရာတွင်လိုက်နာရမည့်စံကိုက်လုပ်ငန်းလမ်းညွှန်

## ၁။ နိဒါန်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ COVID–19 ကူးစက်မြန်ရောဂါ ဖြစ်ပွားမှုကို (၂၀၂၀)ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင်pandemic အဖြစ်ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် (၂၀၂၀) ခုနှစ်၊ မတ်လ(၂၃)ရက်နေ့မှစတင်၍ COVID–19 ကူးစက်မြန်ရောဂါ စတင် ဖြစ်ပွားကူးစက်ခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအားလုံးသည် COVID–19 ရောဂါစောင့်ကြပ် ကြည့်ရှုခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် အရေးပေါ် တာဝန်များ ထမ်းဆောင်လျက်ရှိပါသည်။

သို့ပါ၍ မြန်မာနိုင်ငံတွင် အောက်ပါအကြောင်းများကြောင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်ကို ဧပြီလ(၁)ရက်နေ့မှစတင်၍ ခေတ္တရပ်ဆိုင်းခဲ့ပါသည်။

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID–19 ရောဂါဖြစ်ပွား၊ သေဆုံးမှု အနည်းဆုံးဖြစ်စေရန်ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်မည်ဖြစ်သောကြောင့် အခြေခံ ကျန်းမာရေးဝန်ထမ်းများအားလုံးဆောင်ရွက်လျက်ရှိသော COVID–19 ရောဂါထိန်းချုပ် ရေးလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်နိုင်ရန်။

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်ဖြစ်သည့် လူစုလူဝေး ပြုလုပ်ခြင်းကို လုံးဝရှောင်ကြဉ်ရန်လိုအပ်ခြင်းကို တစ်ပြေးညီတိကျစွာလိုက်နာဆောင်ရွက်ရန်၊

(၃) ကာကွယ်ဆေးထိုးစုရပ်များမှတဆင့် ကာကွယ်ဆေးထိုးသူများ၊ မိဘများနှင့် ကလေးငယ်များကို ရောဂါပိုးကူးစက်ပျံ့နှံ့၍ ကူးစက်မှုမြင့်မားလာမည့်အခြေအနေကို ကာကွယ်တားဆီးရန်၊

(၄) ကာကွယ်ဆေးထိုးစုရပ်များ၌အသုံးပြုရန်အတွက် လိုအပ်မည့် ရောဂါ ကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ဦးစားပေးအသုံးပြုနိုင်စေရန်၊

(၅) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များကို ကာကွယ်ဆေးထိုးသူအားလုံးက နားလည်တတ်ကျွမ်းပြီးနည်းစနစ်ကျနစွာ လိုက်နာကြစေရန်၊

ထိုသို့ ခေတ္တရပ်ဆိုင်းသည်ဆိုရာတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု သုညဂဏန်းသို့ရောက်သည်အထိ စောင့်ဆိုင်းမည်မဟုတ်ဘဲ စောနိုင်သမျှ စော၍ပြန်လည်စတင်နိုင်ရန် လုံလောက်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပြီး ရောဂါကူးစက်မှုမရှိစေရန် လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ပါသည်။ COVID-19 ကူးစက်ဖြစ်ပွားမှု အခြေအနေနှင့် ချိန်ဆ၍ စီမံခန့်ခွဲရသည်ဖြစ်၍ ကျန်းမာရေးဝန်ထမ်းများအနေနှင့် လုပ်ငန်းလမ်းညွှန်ကို တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၂။ စံကိုက်လုပ်ငန်းလမ်းညွှန်ချက်၏ ရည်ရွယ်ချက်

✓ ရည်မှန်းကလေးငယ်များအားလုံးကို တစ်ယောက်မကျန်ဘဲမထိုးရသေးသော ကာကွယ်ဆေးများဘေးအန္တရာယ်ကင်းစွာဖြင့် အပြည့်အဝထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ ကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ တိကျစွာလိုက်နာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်များကိုနည်းစနစ်ကျနစွာပြန်လည်စတင်ဆောင်ရွက်နိုင်ရန်

## ၃။ ကာကွယ်ဆေးထိုးလုပ်ငန်းပြန်လည်မစတင်မီကြိုတင်ပြင်ဆင်ခြင်း

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ပြန်လည်မစတင်မီအောက်ပါအချက်များကို ကြိုတင်ပြင်ဆင်ရပါမည်။

### ၃.၁။ ဗဟိုအဆင့်မှဆောင်ရွက်ရန်

- ကာကွယ်ဆေးထိုးစုရပ်များမှတဆင့် ရောဂါကူးစက်ခြင်းမဖြစ်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ ကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များကို ဖြန့်ဝေပေးရပါမည်။
- ရည်မှန်းအသက်အုပ်စုကလေးငယ်များ၊ ကာကွယ်ဆေးထိုးရွှေ့ဆိုင်းခဲ့ရသောကလေးများကို ကာကွယ်ဆေးအားလုံးပြန်လည်ထိုးနှံပေးနိုင်ရန် စံကိုက်လုပ်ငန်းလမ်းညွှန်ရေးဆွဲဖြန့်ဝေပေးရပါမည်။
- တိုင်းဒေသကြီး/ ပြည်နယ်၊ ဆေးရုံ၊ မြို့နယ်အဆင့်အထိ မွမ်းမံသင်တန်းပို့ချပေးနိုင်ရန် ဆောင်ရွက်ရပါမည်။ (zoom meeting ကို သုံးစွဲပါမည်။)
- ကာကွယ်ဆေးထိုးစုရပ်/ဆေးရုံ/ဆေးခန်းများတွင် လိုအပ်သော ရောဂါကာကွယ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို လုံလောက်စွာပံ့ပိုးထားရှိမှုကိုစိစစ်ဆောင်ရွက်ရပါမည်။
  - ပါးစပ်နှင့်နှာခေါင်းစည်း /မျက်နှာကာ (ကာကွယ်ဆေးထိုးသူများအသုံးပြုရန်)
  - Hand sanitizers (ကလေးမိဘအုပ်ထိန်းသူများနှင့်ကလေးများအတွက်သာအသုံးပြုရန်)
- ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းပြန်လည်စတင်ဆောင်ရွက်ရာတွင်COVID-19 ရောဂါပျံ့နှံ့ကူးစက်မှုမှကာကွယ်ရန် မိဘများပူးပေါင်းလိုက်နာရမည့်အချက်များကို နိုင်ငံပိုင်မီဒီယာများနှင့် အခြားဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုး (ဗီနိုင်းပိုစတာများ၊ လက်ကိုင်စပီကာ/အသံချဲ့စက်ဖြင့်ကြေညာခြင်း၊ လူမှုကွန်ယက်များ)ကို အသုံးပြု၍ ထုတ်လွှင့်၊ ဖြန့်ဝေကာ ကြိုတင်အသိပေးအကြောင်းကြားရမည်ဖြစ်သည်။

- ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများ စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်သိရှိနိုင်ရန်စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။
- လိုအပ်သော ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို လုံလောက်စွာ အချိန်မီဖြန့်ဝေမည်ဖြစ်သည်။
- ကာကွယ်ဆေးထိုးလုပ်ငန်းများပြန်လည်စတင်ရန် အဆင်သင့်ဖြစ်ခြင်းကို checklist ဖြင့် စစ်ဆေးရန် ပြုစုပေးပို့မည်ဖြစ်ပါသည်။
- ဗဟိုမှညွှန်ကြားချက်များကို လုပ်ငန်းဆောင်ရွက်သူများအားလုံးနားလည်သိရှိစေရန် ဆောင်ရွက်ရပါမည်။

**၃.၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ဆေးရုံများနှင့်မြို့နယ်အဆင့် ပြင်ဆင်ဆောင်ရွက်ရန်**

- ကာကွယ်ဆေးထိုးစုရပ်များမှတဆင့် ရောဂါကူးစက်ခြင်းမဖြစ်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ ကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များကိုသိရှိလိုက်နာနိုင်ရန် ကာကွယ်ဆေးထိုးသူကျန်းမာရေးဝန်ထမ်းများ အားလုံးကို ဖြန့်ဝေပေးရပါမည်။
- ရည်မှန်းအသက်အုပ်စုကလေးငယ်များ၊ ကာကွယ်ဆေးထိုးရွှေ့ဆိုင်းခဲ့ရသောကလေးများကို ကာကွယ်ဆေးအားလုံးပြန်လည်ထိုးနှံပေးနိုင်ရန် စံကိုက်လုပ်ငန်းလမ်းညွှန်ကို ကာကွယ်ဆေး ထိုးသူအားလုံးကို ဖြန့်ဝေပေးရပါမည်။
- ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းများတွင် လိုအပ်သော ရောဂါကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဗဟိုမှလုံလောက်စွာပံ့ပိုးပေးနိုင်ရန်လိုအပ်ချက်ရှိပါက ထပ်မံတင်ပြတောင်းခံရပါမည်။
- လိုအပ်သောကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများကို လုံလောက်စွာ အချိန်မီရရှိရန်အတွက် ဗဟိုမှလုံလောက်စွာပံ့ပိုးပေးနိုင်ရန်လိုအပ်ချက်ရှိပါက ထပ်မံတင်ပြတောင်းခံရပါမည်။

- တိုင်းဒေသကြီး/ ပြည်နယ်၊ ဆေးရုံ၊ မြို့နယ်အဆင့်အထိ မွမ်းမံသင်တန်းပို့ချပေးရပါမည်။ (zoom meeting ကို သုံးစွဲပါမည်။) သားဖွားဆရာမ/သူနာပြုများအထိသင်တန်းရရှိရန်ဗဟိုမှ you tube presentation ပေးပို့ပါမည်။ ဆက်လက်သင်တန်းပေးရာတွင် အသုံးပြုရပါမည်။
- ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရန်နှင့် မိဘအုပ်ထိန်းသူများစောင့်ဆိုင်းနားနေရန်နေရာများ စနစ်တကျ စီစဉ်ထားမှုရှိ/မရှိ ကြည့်ရှုစစ်ဆေးရမည်ဖြစ်သည်။ ကာကွယ်ဆေးထိုးစုရပ်ပြုလုပ်ရန် လျာထားသောနေရာသည် မိဘအုပ်ထိန်းသူများစောင့်ဆိုင်းနားနေရန်နေရာမလုံလောက်ပါက သင့်တော်သောနေရာသို့ ပြောင်းရွှေ့စီစဉ်ရန် လမ်းညွှန်မှုပေးရပါမည်။
- ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများ စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်နိုင်ရန် လိုအပ်သလို ကြိုတင်အသိပေး၊ ညှိနှိုင်းရပါမည်။
- မြို့နယ်ဆေးရုံများအားလုံး၊ ဒေသန္တရ/မိခင်ကလေးကျန်းမာရေးဌာနများနှင့် အအေးလမ်းကြောင်းရှိသော တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာနများတွင် ကာကွယ်ဆေးထိုးခန်းကို တစ်ပတ်လျှင် အနည်းဆုံး (၁)ရက်ဖွင့်လှစ်ရန် ဗဟိုမှ ညွှန်ကြားပြီးဖြစ်၍ အသက်ဝင် လုပ်ဆောင်နေခြင်း ရှိမရှိစစ်ဆေးရပါမည်။ အသက်ဝင်လုပ်ဆောင်စေရန် ထပ်ဆင့် ညွှန်ကြားရပါမည်။ လိုအပ်ချက်ရှိပါက ဗဟိုနှင့်ညှိနှိုင်း၍ ပံ့ပိုးပေးရပါမည်။
- ကာကွယ်ဆေးထိုးသည့်ကလေးဦးရေပိုမိုများခြင်းနှင့် တစ်ရက်လျှင်ထိုးပေးနိုင်သည့် ကလေးဦးရေလျှော့ထားခြင်းတို့ကြောင့် ကာကွယ်ဆေးထိုးရက်ပိုမိုများလာမည်ဖြစ်ပါသည်။ ထို့ကြောင့် မြို့နယ်ဆေးရုံများအားလုံး၊ ဒေသန္တရ/မိခင်ကလေးကျန်းမာရေးဌာနများနှင့် အအေးလမ်းကြောင်းရှိသော တိုက်နယ်/ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ပုံမှန် ကာကွယ်ဆေးထိုးပြန်လည်စတင်သည့်အချိန်တွင် ကာကွယ်ဆေးထိုးခန်းကို တစ်ပတ်လျှင် (၅)ရက်လုံးဖြင့် ရက်သတ္တပတ်(၂)ပတ် ဖွင့်လှစ်ပေးရန် ဗဟိုမှညွှန်ကြားမည်ဖြစ်ပြီး အဆိုပါ ညွှန်ကြားချက် အသက်ဝင်လုပ်ဆောင်ရန် ထပ်ဆင့်ညွှန်ကြားရပါမည်။

- ဆေးရုံပြင်ပလူနာဌာန/ကာကွယ်ဆေးထိုးဆေးခန်း၏ဖုန်းနံပါတ်ကိုမိဘများကို အသိပေး ထားမည်ဖြစ်ပါသည်။ တစ်နေ့အတွင်း ကလေး (၅၀)ဦးထက်မပိုစေရန်နှင့် အချိန်ခြား၍ ချိန်းဆို နိုင်ရန် ဆေးရုံပြင်ပလူနာဌာန/ကာကွယ်ဆေးထိုးဆေးခန်း၏ဖုန်းဖြေကြားသူအတွက် လမ်း ညွှန်ချက် ချိတ်ဆွဲထားရပါမည်။
- မိဘအုပ်ထိန်းသူများသိရှိ၍ လာရောက်ထိုးနှံပြီး ပုံမှန်ကာကွယ်ဆေးထိုးသည့် အစီအစဉ် ပြန်လည်ပြည့်မီစေရန် ဒေသတွင်းသတင်းမီဒီယာများနှင့် အခြားဆက်သွယ်ရေး နည်းလမ်း အမျိုးမျိုးမှတဆင့် ကျယ်ပြန့်စွာအသိပေးသွားမည်ဖြစ်ပါသည်။
- ပြင်ဆင်ပြီးစီးကြောင်း ဗဟိုသို့ ပြန်လည်တင်ပြရပါမည်။

## ၃.၃။ ဆေးရုံကာကွယ်ဆေးထိုးခန်းများတွင်ဆောင်ရွက်ရန်

- ဆေးရုံကာကွယ်ဆေးထိုးခန်းများမှတဆင့် ရောဂါကူးစက်ခြင်းမဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ ကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များကို ဆေးရုံရှိ ကာကွယ်ဆေးထိုးသူအားလုံး ကို ဖြန့်ဝေပေးရပါမည်။
- ရည်မှန်းအသက်အုပ်စုကလေးငယ်များ၊ ကာကွယ်ဆေးထိုးရွှေ့ဆိုင်းခဲ့ရသောကလေးများကို ကာကွယ်ဆေးအားလုံးပြန်လည်ထိုးနှံပေးနိုင်ရန် စံကိုက်လုပ်ငန်းလမ်းညွှန်ကို ဆေးရုံရှိ ကာကွယ်ဆေးထိုးသူအားလုံးကို ဖြန့်ဝေပေးရပါမည်။
- ကာကွယ်ဆေးထိုးဆေးခန်းများတွင်လိုအပ်သော ရောဂါကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကို စီစဉ်ဆောင်ရွက်ပေး၍ လိုအပ်ချက်ရှိပါက ဗဟိုသို့ထပ်မံတင်ပြ တောင်းခံရပါမည်။
- လိုအပ်သော ကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများကို လုံလောက်စွာ အချိန်မီရရှိရန် ဗဟိုမှ လုံလောက်စွာပံ့ပိုးပေးနိုင်ရန်လိုအပ်ချက်ရှိပါက ထပ်မံတင်ပြတောင်းခံရပါမည်။

- ကာကွယ်ဆေးထိုးသည့် သားဖွားဆရာမ/သူနာပြုကို(၁)ဦးတည်းကိုသာ သတ်မှတ်၍ ကာကွယ်ဆေးထိုးသည့်တာဝန်ကိုပေးထားရသင့်ပါသည်။ အခြားလူနာဆောင်များတွင် တာဝန်ပေးခြင်း မပြုလုပ်သင့်ပါ။
- ကာကွယ်ဆေးထိုးခန်းတာဝန်ကျသူများကို မွမ်းမံသင်တန်းပို့ချပေးရပါမည်။ လိုအပ်ပါက ဗဟို၊ တိုင်းဒေသကြီး/ပြည်နယ်မှ zoom meeting ဖြင့်ပို့ချပေးရန် အကူအညီတောင်းခံနိုင်ပါသည်။ ကာကွယ်ဆေးထိုးသူများအတွက် you tube presentation ကို သေချာစွာ လေ့လာရပါမည်။
- ဆေးရုံကာကွယ်ဆေးထိုးခန်းများ၌ ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရန်နှင့် မိဘအုပ်ထိန်းသူများစောင့်ဆိုင်းနားနေရန်နေရာများ စနစ်တကျစီစဉ်ထားရမည်။ မိဘအုပ်ထိန်းသူများ စောင့်ဆိုင်းနားနေရန်နေရာများ မလုံလောက်ပါက ကာကွယ်ဆေးထိုးဆေးခန်းအား သင့်တော်သောနေရာသို့ ရွှေ့ပြောင်းရမည်။
- ပုံမှန်ကာကွယ်ဆေးထိုးပြန်လည်စတင်သည့်အချိန်တွင် ဆေးရုံကာကွယ်ဆေးထိုးခန်းကို တစ်ပတ်လျှင် (၅)ရက်လုံးဖြင့် ရက်သတ္တပတ်(၂)ပတ် ဖွင့်လှစ်ပေးရန် ဗဟိုမှ ညွှန်ကြားမည်ဖြစ်ပြီး အဆိုပါ ညွှန်ကြားချက် အတိုင်းလိုက်နာလုပ်ဆောင်ရပါမည်။
- ဆေးရုံပြင်ပလူနာဌာန/ကာကွယ်ဆေးထိုးဆေးခန်း၏ဖုန်းနံပါတ်ကိုမိဘများကို အသိပေးထားမည်ဖြစ်ပါသည်။ တစ်နေ့အတွင်း ကလေး (၅၀)ဦးထက်မပိုစေရန်နှင့် အချိန်ခြား၍ ချိန်းဆိုနိုင်ရန် ဆေးရုံပြင်ပလူနာဌာန/ကာကွယ်ဆေးထိုးဆေးခန်း၏ ဖုန်းဖြေကြားသူအတွက် လမ်းညွှန်ချက်ချိတ်ဆွဲထားရပါမည်။
- ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်သည့်အသိပညာပေးပိုစတာများအပြင် COVID-19 ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် မိဘအုပ်ထိန်းသူများ မဖြစ်မနေလိုက်နာရမည့် အချက်များကို မြင်သာထင်သာရှိမည့်နေရာများတွင် ချိတ်ဆွဲထားရှိရပါမည်။
- ပြင်ဆင်ပြီးစီးကြောင်း ဗဟိုသို့ ပြန်လည်တင်ပြရပါမည်။

## ၃.၄။ မိခင်ကလေး/ဒေသန္တရ/ကျေးလက်/တိုက်နယ်ကျန်းမာရေးဌာနများအဆင့်ဆောင်ရွက်ရန်

- သားဖွားဆရာမတစ်ဦးချင်းစီ၏ ဆေးထိုးမည့်နေ့အလိုက်၊ရပ်ကွက်၊ ကျေးရွာ၊ လူအုပ်စုအလိုက်စုရပ်များကို စံနှုန်းနှင့်ကိုက်ညီခြင်းရှိ၊ မရှိ စစ်ဆေးရန်နှင့် ဆေးထိုးစုရပ်(Session plans) လုံလောက်ခြင်းရှိ၊ မရှိ စိစစ်ရပါမည်။
- ဧပြီလနှင့်မေလတွင်ကာကွယ်ဆေးထိုးပေးရမည့် ကလေးစာရင်းသည် ဇွန်လတွင် ကာကွယ်ဆေးထိုးပေးရမည့်ကလေးစာရင်းနှင့်အတူ လျာထားကလေးစာရင်း (due list)တွင် ပါဝင်ခြင်းရှိစေရန်နှင့် သင့်လျော်သောကာကွယ်ဆေးအလိုက်အကြိမ်အားလုံးရရှိရန်စိစစ်ရပါမည်။ ပုံမှန်တစ်လစာလျာထားသည့်ကလေးအရေအတွက်ထက်အနည်းဆုံး(၃)ဆဖြစ်သင့်ပါသည်။
- ဇွန်လ အနုစိတ်စီမံချက်တွင် တစ်ရက်လျှင် ကာကွယ်ဆေးထိုးရန် လျာထားသောကလေး ဦးရေ၊ထိုးနှံရမည့်ကာကွယ်ဆေးအကြိမ်ကို လုပ်ငန်းလမ်းညွှန်နှင့်အညီဖြစ်စေရန် စိစစ်ရပါမည်။
- သက်ဆိုင်ရာကျန်းမာရေးဌာနရှိ သားဖွားဆရာမများအား ၎င်းတို့အပိုင် ရပ်ကွက်၊ ကျေးရွာ၊ အလိုက် ကာကွယ်ဆေးထိုးသည့်တာဝန်ကို ပေးထားသင့်ပါသည်။
- ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရန်နှင့် မိဘအုပ်ထိန်းသူများစောင့်ဆိုင်းနားနေရန်နေရာများ စနစ်တကျ စီစဉ်ထားရှိရပါမည်။ မိဘအုပ်ထိန်းသူများစောင့်ဆိုင်းနားနေရန်နေရာမလုံလောက်ပါက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများ၊ စေတနာ့ဝန်ထမ်းနှင့်ပူးပေါင်းတိုင်ပင်၍ သင့်တော်သောနေရာတွင် ကာကွယ်ဆေးထိုးစုရပ် ပြုလုပ်နိုင်ရန်စီစဉ်ရမည်။
- ကလေးမိဘများကြိုတင်ရက်ချိန်းယူနိုင်ရန်အတွက်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ် စီစဉ်ပေးနိုင်ပါက ပေးသင့်ပါသည်။ ကလေး (၅၀)ဦးထက်ပိုပါက နောက်တစ်ရက်ကို ချိန်းဆိုရပါမည်။
- ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း ပြန်လည်စတင်သည့်အချိန်တွင် ကာကွယ်ဆေးထိုးခန်းကို တစ်ပတ်လျှင် (၅)ရက်လုံးဖြင့် ရက်သတ္တပတ်(၂)ပတ် ဖွင့်လှစ်ပေးရန် ဗဟိုမှ ညွှန်ကြားမည်ဖြစ်ပြီး အဆိုပါ ညွှန်ကြားချက် အတိုင်းလိုက်နာလုပ်ဆောင်ရပါမည်။

- မိဘအုပ်ထိန်းသူများ ကာကွယ်ဆေးထိုး/တိုက်ပေးသည့် နေ့ရက်နှင့် နေရာများကို သိရှိပြီး လာရောက်ထိုးနှံနိုင်စေရေးအတွက် တိုက်တွန်းနှိုးဆော်ရေးလုပ်ငန်းများကို ဗီနိုင်းပိုစတာများ အသုံးပြု၍သော်လည်းကောင်း၊ ကာကွယ်ဆေး လာရောက်ထိုးရမည့် နေ့ရက်နှင့် နေရာကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများ၊ စေတနာ့ဝန်ထမ်းများက အသံချဲ့စက်ဖြင့်ကြေညာခြင်း ဖြင့်လည်းကောင်း၊ ပူးပေါင်းညှိနှိုင်း၍သော်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။
- ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်သူများ စေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိ၊ မရှိ ကြိုတင်သိရှိရန်လိုအပ်ပြီး လိုအပ်သလို ထပ်မံအသိပေး၊ ညှိနှိုင်းရပါမည်။
- ကာကွယ်ဆေးထိုးသူများသည် ကာကွယ်ဆေးထုတ်ရန် သယ်ယူပို့ဆောင်ရေးခက်ခဲမှုရှိပါက ကာကွယ်ဆေးပို့ပေးရန် စီစဉ်ပေးရပါမည်။ လိုအပ်ပါက စေတနာ့ဂန်ထမ်းများ နှင့်ချိတ်ဆက် လုပ်ဆောင်နိုင်ရန် စီစဉ်ညှိနှိုင်းပေးရပါမည်။
- ကာကွယ်ဆေးထိုးသူများအတွက် you tube presentation ကို သေချာစွာ လေ့လာရပါမည်။

**၃.၅။ ကာကွယ်ဆေးထိုးသူ/သားဖွားဆရာမများဆောင်ရွက်ရန်**

- ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကိုပြန်လည်စတင်ရာတွင် ဇွန်လအတွက်အနုစိတ်စီမံချက်ကို ယခင် ပုံမှန်ကာကွယ်ဆေးထိုးသည့် စုရပ်အမျိုးအစားအတိုင်း အခြေစိုက်စုရပ်(Fixed post) (သို့မဟုတ်) ကွင်းဆင်း စုရပ်များ(outreach post)အဖြစ် ရေးဆွဲထားပါ။ အောက်ပါ အချက် များကို လိုက်နာဆောင်ရွက်ရပါမည်။
    - ရည်မှန်းကလေးငယ်များအားလုံးကိုတစ်ယောက်မကျန်ဘဲ ကာကွယ်ဆေးရရှိစေရန် အတွက် ကာကွယ်ဆေးဆေးထိုးစုရပ် (အခြေစိုက်စုရပ်/ကွင်းဆင်းစုရပ်များ)တို့ကို နံနက် (၉)နာရီမှ နေ့လည် (၄)နာရီအထိ သင့်လျော်သလို ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။
    - ကာကွယ်ဆေးထိုးသူ/သားဖွားဆရာမ (၁)ဦးသည် တစ်နေ့လျှင် အများဆုံးရည်မှန်း ကလေး(၅၀)ဦးခန့်ကိုသာ အချိန်ခွဲချိန်းဆို၍ထိုးနှံတိုက်ကျွေးရန်စီစဉ်မည်ဖြစ်ရာ ကာ ကွယ်ဆေးထိုးရက်ပိုမိုလိုအပ်မည်ဖြစ်ပါသည်။

- သားဖွားဆရာမ(၁)ဦးချင်းစီသည်မိမိတို့အပိုင်သက်ဆိုင်ရာရွာ၊ရပ်ကွက်(သို့မဟုတ်)လမ်းအလိုက်ဇွန်လတွင်ကာကွယ်ဆေးထိုးပေးမည့်နေ့ရက်နှင့် ဆေးထိုးရန်လျာထားသောကလေးစာရင်း(due list) တစ်စုံစီပြုစုရေးဆွဲ၍ကြီးကြပ်သူများထံသို့ အချိန်မီတင်ပြရမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်ချုပ်သူ/စေတနာ့ဝန်ထမ်းများကိုပေး၍ အကူအညီရယူရပါမည်။

➢ ကျန်းမာရေးဌာနခွဲအဆင့်စုရပ်အစီအစဉ် (session plan) ကို ရေးဆွဲရပါမည်။

- ယခင်ပုံမှန်ရေးဆွဲသလို ရပ်ကွက်/ကျေးရွာ/လူအုပ်စု(၁)ခုအတွက်စုရပ်(၁)ခု မရေးဆွဲရပါ။
- ဇွန်လအတွက် ရပ်ကွက်/ကျေးရွာ/လူအုပ်စုအလိုက် ကာကွယ်ဆေးထိုး အနုစိတ်စီမံချက်ထွက်ပေါ်လာပါက ၎င်း ရပ်ကွက်/ကျေးရွာ/လူအုပ်စုအလိုက် ကလေးစာရင်းအပေါ်တွင်မူတည်၍ စုရပ်အစီအစဉ်ကို ရေးဆွဲရပါမည်။
- ကပ်ရောဂါအချိန်ကာလအတွင်း အခြားဒေသမှရောက်ရှိနေသောကလေးများလည်း ရှိနိုင်ပါသည်။ စုံစမ်းသိရှိပါကထည့်သွင်းပြုစုထားရပါမည်။ လိုအပ်သည့်ကာကွယ်ဆေး ထိုးနှံ၊ တိုက်ကျွေးပေးရပါမည်။ အခြားဒေသမှရောက်ရှိနေသောကလေးများ ဆိုသည်မှာ ရပ်ကွက်/ကျေးရွာခြား၊ မြို့နယ်ခြား၊ တိုင်းဒေသကြီး/ပြည်နယ်ခြားမှ ကလေးများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိနေသော ကလေးများပါဝင်ပါသည်။
- တစ်ရက်လျှင်ကလေး (၅၀)ဦးခန့်သာထိုးနှံသင့်သဖြင့် ၎င်းကလေးအရေအတွက် အပေါ်တွင်မူတည်၍ကာကွယ်ဆေးထိုးရက်ကိုသတ်မှတ်ရပါမည်။ ၎င်းရက်တွင် မူတည်၍ ကာကွယ်ဆေးထိုးပေးမည့်ကလေးစာရင်းကို ထပ်မံသတ်မှတ်ရပါမည်။ သို့မှသာ လူစုလူဝေးမဖြစ်စေရန် ကာကွယ်နိုင်မည်ဖြစ်ပါသည်။
- စုရပ်အစီအစဉ်အပေါ်တွင်မူတည်၍ ကလေးမိဘများကိုကာကွယ်ဆေးထိုးရန်လာရမည့်နေရာနှင့်အချိန်တို့ကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် (၂)ရက်ကြိုတင်၍အကြောင်းကြားထားရမည်ဖြစ်သည်။

- ကလေးမိဘများကြိုတင်ရက်ချိန်းယူနိုင်ရန်အတွက်ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ် စီစဉ်ပေးနိုင်ပါက ပေးသင့်ပါသည်။ ကလေး (၅၀)ဦးထက်ပိုပါက နောက်တစ်ရက်ကို ချိန်းဆိုရပါမည်။
- လူစုလူဝေးမဖြစ်စေရန်နှင့် မိဘအုပ်ထိန်းသူများစောင့်ဆိုင်းရန်နေရာများအတွက် လိုအပ်ပါက ပိုမိုကျယ်ဝန်းသောနေရာ (စာသင်ကျောင်း၊ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးအဆောက်အဦ)များကိုကွင်းဆင်းစုရပ်များအဖြစ်ညှိနှိုင်းအသုံးပြုသင့်ပါသည်။
- ဇွန်လအတွက် အနုစိတ်စီမံချက်ကို ပြင်ဆင်ပြီးပါက ဇွန်လအတွက် ကာကွယ်ဆေး တောင်းခံလွှာကို လူကိုယ်တိုင်မဟုတ်ဘဲ viber (သို့မဟုတ်) messenger မှ တစ်ဆင့်တင်ပြရပါမည်။ ကာကွယ်ဆေးလာထုတ်ရန် သယ်ယူပို့ဆောင်ရေးခက်ခဲမှုရှိပါက ထည့်သွင်းဖော်ပြ၍ ကာကွယ်ဆေးပို့ပေးရန် မှတ်ချက်ပြုတင်ပြရပါမည်။
- ကလေးအရေအတွက်များသဖြင့် ကာကွယ်ဆေးထိုးသည့်ရက်သည် ယခင်ပုံမှန်လများထက်ပို၍ ကြာပါမည်။ ကာကွယ်ဆေးတောင်းခံလွှာကို ထပ်မံပေးပို့ရနိုင်ပါသည်။
- ထို့အပြင် ကာကွယ်ဆေးထိုးနိုင်မှုအပေါ်တွင်မူတည်၍ ကျန်ရှိသည့်ကလေးများ ကာကွယ်ဆေးရရှိရန် အခြေစိုက်စုရပ် (Fixed post) ကို ရက်တိုး၍ ဖွင့်လှစ်ရနိုင်ပါသည်။ အထူးသဖြင့် အအေးလမ်းကြောင်းရှိသော ပင်မကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆောင်ရွက်ရန် ကြိုတင်စီစဉ်သင့်ပါသည်။ ကွင်းဆင်းစုရပ်များမှ ဆေးထိုးရန်ကျန်ရှိသောကလေးများအတွက် အခြေစိုက်စုရပ် ဖွင့်လှစ်မည့် လိပ်စာ၊နေ့ရက်နှင့်အချိန်တို့ကို မိဘအုပ်ထိန်းသူများကို အသိပေးထားရမည် ဖြစ်ပါသည်။
- ဧပြီလနှင့် မေလတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့်ကလေးများသည် ကာကွယ်ဆေးထိုးရန်နောက်ကျသည့်ကလေးများဖြစ်သည့်အတွက် ဇွန်လတွင်ထိုးပြီးနောက် ၎င်းတို့ကို နောက်တစ်ကြိမ်ဆေးထိုးရန်(၂)လစောင့်ရန်မလိုပါ။ ထို့ကြောင့် တစ်လခြား၍ဇူလိုင်လတွင် နောက်တစ်ကြိမ်ထိုးရန် လျာထားရပါမည်။ နောက်တစ်ကြိမ်ဆေးထိုးရမည့်ရက်ကို ကာကွယ်ဆေး

ထိုးမှတ်တမ်းကတ်ပြားတွင် ဖြည့်စွက်ရေးသွင်းပြီးနောက် မိဘများကို ကြိုတင်အသိပေးရန် လိုပါသည်။

- ကာကွယ်ဆေးထိုးအစီအစဉ်နှင့်အတူဆောင်ရွက်မည့် အခြား ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါက ဗဟိုမှသက်ဆိုင်ရာဌာနခွဲသို့ ကြိုတင်တင်ပြ၍ ဆေးနှင့်ဆေးပစ္စည်း လိုအပ်ချက်ကို ပြင်ဆင်ပါ။
- ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်သည့်အသိပညာပေးပိုစတာများအပြင် COVID-19 ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် မိဘအုပ်ထိန်းသူများ မဖြစ်မနေလိုက်နာရမည့် အချက်များကို မြင်သာထင်သာရှိမည့်နေရာများတွင် ချိတ်ဆွဲထားရှိရပါမည်။
- ကာကွယ်ဆေးထိုးသူများအတွက် you tube presentation ကို သေချာစွာ လေ့လာရပါမည်။
- ကာကွယ်ဆေးထိုးသူသည် ဖျားနေသည်ဖြစ်စေ/ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ လက္ခဏာများရှိနေသည်ဖြစ်စေ ကာကွယ်ဆေးထိုးမည့်အစီအစဉ်ကို ရွှေ့ဆိုင်းခြင်း/ အထက်အဆင့်ဆင့်တင်ပြ၍ အကူအညီရယူခြင်း/ လူစားထိုးခြင်းများ ဆောင်ရွက်ရပါမည်။

**၃.၆။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်သူများနှင့် စေတနာ့ဝန်ထမ်းများဆောင်ရွက်ရန်**

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများ၏အခန်းကဏ္ဍသည် ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် အလွန်အရေးပါပါသည်။

- ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများမစတင်မီသက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်အစိုးရအဖွဲ့များ၊ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များ၊ရပ်ကွက်/ကျေးရွာပြည်သူလူထုခေါင်းဆောင်များကို ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းပြန်လည်စတင်ရန်အတွက် ထုတ်ပြန်ထားသောစံကိုက်လုပ်ငန်းလမ်းညွှန်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် အသိပေးညှိနှိုင်းဆွေးနွေးရန်လိုအပ်ပါသည်။

- သားဖွားဆရာမတစ်ဦးချင်းစီ၏ ဆေးထိုးမည့်နေ့အလိုက်၊နယ်မြေဒေသအလိုက် စုရပ်များအတွက် ကလေးစာရင်းပြုစုရာတွင် ကူညီပေးရန်၊ ဧပြီလနှင့် မေလတွင် ကာကွယ်ဆေးမထိုးခဲ့ရသော လျာထားကလေးအားလုံး တစ်ယောက်မကျန်ပါဝင်စေရန် ကူညီ၍ စာရင်းကောက်ပေးသင့်ပါသည်။ စစ်ဆေးပေးသင့်ပါသည်။
- ယခုအချိန်ကာလအတွင်း အခြားပြင်ပမှ ပြန်လည်ပြောင်းရွှေ့နေထိုင်သည့် ကာကွယ်ဆေးထိုးရန် အချိန်ကျရောက်နေသော ကလေးများပါဝင်စေရန် ထည့်သွင်းရေးဆွဲ ထားခြင်းရှိ/မရှိ စိစစ်ပေးရပါမည်။
- ရပ်ကွက်များရှိကာကွယ်ဆေးထိုးစုရပ်များတွင်ကလေးများသည်အလျဉ်းသင့်သည့်ဆေးထိုးရက်များတွင်လာရောက်ထိုးနှံနိုင်ကြသောကြောင့် ဆေးထိုးစုရပ်များတွင် ကလေးငယ်များ နှင့်မိဘ/အုပ်ထိန်းသူများစနစ်တကျစောင့်ဆိုင်းနေခြင်းမရှိဘဲစုပြုံတိုးဝှေ့နေနိုင်သဖြင့် COVID-19 ရောဂါဖြစ်ပွားမှုကာကွယ်၊ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့်ကာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ညွှန်ကြားထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ဆောင်ရွက်မှုလုပ်ငန်းများကို အဟန့်အတားမဖြစ်စေရန်စုရပ်ပြင်ဆင်ရာတွင် ကူညီဆောင်ရွက်ရပါမည်။
- ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးရုံးများ၌ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ/လူအုပ်စု/ လမ်းအလိုက် ကာကွယ်ဆေးထိုးမည့်နေ့ရက်နှင့်အချိန်၊ စုရပ်နေရာများကို လူအများမြင်သာအောင် တစ်ပတ်အလိုတွင် ချိတ်ဆွဲကြေညာထားရမည်ဖြစ်သည်။
- သားဖွားဆရာမကကြိုတင်ပေးပို့ထားသည့် ဆေးထိုးရမည့်ကလေးစာရင်းအရ ကလေးတစ်ယောက်မှမကျန်စေဘဲကာကွယ်ဆေးထိုးစုရပ်သို့ လာရောက်ထိုးရန် ကာကွယ်ဆေးထိုးရန်လာရမည့်နေရာနှင့် အချိန်တို့ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှ တစ်ဆင့်ဖြစ်စေ စေတနာ့ဝန်ထမ်းမှဖြစ်စေ (၂)ရက်ကြိုတင်၍ လိုက်လံအကြောင်းကြားထားရမည်ဖြစ်သည်။

- ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပတ်သက်၍သော်လည်းကောင်း၊ COVID-19 နှင့် ပတ်သက်၍သော်လည်းကောင်း မိမိဒေသအတွင်း ကောလဟာလများ ပြန့်ပွားနေမှုများရှိပါက သက်ဆိုင်ရာ သားဖွားဆရာမထံသို့ ချက်ချင်းသတင်းပို့ပါ။
- ကလေးငယ်များ ကာကွယ်ဆေးထိုးပြီးပါက သိရှိရမည့်အချက်များနှင့် နောက်တစ်ကြိမ်ပြန် လာရမည့်နေ့ရက်များကို မိဘအုပ်ထိန်းသူများကို ရှင်းလင်းပြောပြပါ။
- စေတနာ့ဝန်ထမ်းများအတွက် you tube presentation ကို သေချာစွာ လေ့လာရပါမည်။
- ကာကွယ်ဆေးထိုးစုရပ်တစ်ခုတွင် အုပ်ချုပ်သူ (၁)ဦး၊ စေတနာ့ဝန်ထမ်း (၁)ဦး၊ စုစုပေါင်း (၂)ဦး သာရှိရပါမည်။
- စုရပ်တွင် ကလေး(၅၀)ဦးပြည့်လျှင် နောက်ရက်သို့ချိန်းဆိုခြင်း၊ လူစုလူဝေးမဖြစ်ပေါ်စေခြင်း၊ ကာကွယ်ဆေးထိုးစုရပ်သို့ လာရောက်သော ကလေးမိဘအုပ်ထိန်းသူများက ညွှန်ကြားချက် များကို ချွင်းချက်မရှိ လိုက်နာစေခြင်း၊ အကူအညီလိုသော မိဘအုပ်ထိန်းသူများကို ကူညီခြင်း စသည်ဖြင့် ကူညီပေးရပါမည်။
- ကူညီဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများသည် ဖျားနေသည်ဖြစ်စေ/ အသက်ရှူ လမ်း ကြောင်းဆိုင်ရာရောဂါ လက္ခဏာများရှိနေသည်ဖြစ်စေ လူစားထိုးခြင်းဆောင်ရွက်ရပါမည်။

**"စေတနာ့ဝန်ထမ်းများ လက်ကိုင်စပီကာသုံး၍ ကြေညာရာတွင် အသုံးပြုရန်"**

- ✓ ______လမ်း/ရပ်ကွက်တွင်နေထိုင်သော ပုံမှန်ကာကွယ်ဆေးထိုးရမည့်ကလေးများသည် _______နေ့ရက်၌ _________နေရာမှာ နံနက်ပိုင်း/နေ့လည်ပိုင်းတွင် ကာကွယ်ဆေး လာရောက် ထိုးနှံရပါမည်။
- ✓ ကာကွယ်ဆေးထိုးစုရပ်ကိုလာစဉ် နေအိမ်မှထွက်ခွာကတည်းက မိဘ/ အုပ်ထိန်းသူတို့ သည် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ရပါမည်။ ကလေးများကို အသက်ရှူမကြပ်စေရန် ဂရုပြု၍ ကလေးမျက်နှာကာ (သို့မဟုတ်) ပုဝါ/အနှီးအုပ်လာရပါမည်။ ပါးစပ်နှင့်နှာခေါင်း စည်းတပ်ဆင်မထားသောမိဘ/အုပ်ထိန်းသူ၊ ကလေးမျက်နှာကာ (သို့မဟုတ်) ပုဝါ/အနှီး အုပ်မလာသောကလေး မည်သူ့ကိုမဆို ကျန်းမာရေးဌာန/ဆေးခန်း/ဆေးရုံသို့ ဝင်ရောက် ရန် ခွင့်ပြုမည်မဟုတ်ပါ။
- ✓ ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့မဝင်ရောက်မီ ရေနှင့်ဆပ်ပြာ (သို့မဟုတ်) လက်သန့် ဆေးရည်ဖြင့် လက်ဆေးရပါမည်။
- ✓ ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းများတွင် ချိတ်ဆွဲထားသောလမ်းညွှန်များ၊ ညွှန်ကြား ချက်များကို ရှာဖွေကြည့်ရှု၍ တိကျစွာလိုက်နာရပါမည်။
- ✓ အကယ်၍ ကလေး(သို့မဟုတ်) ကလေးနှင့်အတူနေအိမ်သားတစ်ဦးဦးသည် ဖျားနေသည် ဖြစ်စေ/အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများရှိနေသည်ဖြစ်စေ ချိန်းဆို ထားသည့် ကာကွယ်ဆေးထိုးရန်ရက်တွင်မလာရောက်ဘဲ ပြန်လည်နေကောင်းလာသည့် အချိန်မှသာ ကျန်းမာရေးဌာနသို့ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေး ရန် ရက်ချိန်းယူရပါမည်။
- ✓ အကယ်၍ ကလေး(သို့မဟုတ်)ကလေးနှင့်အတူနေအိမ်သားတစ်ဦးဦးသည် COVID-19 ဓါတ်ခွဲအတည်ပြု လူနာနှင့်ထိတွေ့ခဲ့သည်ဖြစ်စေ၊ home quarantine ပြုလုပ်ရန် လိုအပ် သော နေအိမ်မှဖြစ်စေ quarantine သတ်မှတ်ရက်ပြည့်ပြီးမှသာလျှင် ကျန်းမာရေး ဌာနသို့ ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ရက်ချိန်းယူရပါမည်။
- ✓ မိမိကိုယ်တိုင်ကိုလည်းကောင်း၊ မိမိကလေးကိုလည်းကောင်း၊ မိမိမိသားစုကိုလည်း ကောင်း COVID-19 ရောဂါကူးစက်ခြင်းမရှိစေရန်နှင့် မိမိကလေးငယ်ကို မရရှိ ခဲ့သေး သော ကာကွယ်ဆေးများအားလုံးအပြည့်အဝရရှိရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာန၏ အကြံပြုချက်များကိုလိုက်နာ၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက် ပေး ပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

## ၄။ ကာကွယ်ဆေးထိုးမည့်ကလေးဦးရေခန့်မှန်းခြင်း

- (၂၀၂၀) ခုနှစ်၊ ဇွန်လတွင်ပြန်လည်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးအစီအစဉ်အတွက် လျာထားကလေးစာရင်းပြုစုရပါမည်။
  - ဇွန်လအတွက် လျာထားကလေးစာရင်း (due list) ကို ပြုစုရာတွင် ဇွန်လတွင် အမှန်တကယ်ထိုးရမည့်ကလေးစာရင်းရှိပါမည်။ ဧပြီလနှင့်မေလအတွက် လျာထားကလေးများအားလုံး (due list)သည် ကာကွယ်ဆေးမထိုးခဲ့ရသဖြင့် ၎င်းတို့ကို တစ်ယောက်မှ မကျန်စေဘဲ ဇွန်လအတွက်လျာထားကလေးစာရင်း (due list)တွင်သေချာစွာ ထည့်သွင်း ပြုစုရမည်ဖြစ်သည်။ ထိုးရမည့်ကာကွယ်ဆေးအကြိမ်အားလုံးကို ပြန်လည်ထိုးနှံနိုင်ပါသည်။
  - ဧပြီလနှင့်မေလအတွက် လျာထားကလေး(due list)ပြုစုခဲ့ရာတွင် ယခင်လများကတည်းက အကြောင်းအမျိုးမျိုးကြောင့် စာရင်းမပါဝင်ဘဲလွတ်ကျန်ခဲ့သည့် ကလေးများလည်းရှိနေနိုင်ပါသည်။ ပြန်လည်စိစစ်ပြီးသိရှိပါက ၎င်းတို့ကိုဇွန်လအတွက် လျာထားကလေးစာရင်းတွင်ထည့်သွင်းရပါမည်။
  - ကပ်ရောဂါအချိန်ကာလအတွင်း အခြားဒေသမှရောက်ရှိနေသောကလေးများလည်း ရှိနိုင်ပါသည်။ စုံစမ်းသိရှိပါကထည့်သွင်းပြုစုထားရပါမည်။ လိုအပ်သည့်ကာကွယ်ဆေး ထိုးနှံ၊ တိုက်ကျွေးပေးရပါမည်။ အခြားဒေသမှရောက်ရှိနေသောကလေးများဆိုသည်မှာ ရပ်ကွက်/ ကျေးရွာခြား၊ မြို့နယ်ခြား၊ တိုင်းဒေသကြီး/ပြည်နယ်ခြားမှ ကလေးများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိနေသော ကလေးများပါဝင်ပါသည်။

# ၅။ ကာကွယ်ဆေးနှင့် ပစ္စည်းလိုအပ်ချက်တွက်ချက်ခြင်း

## ၅.၁။ ကာကွယ်ဆေး

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသုံးပြုသော ကာကွယ်ဆေးတောင်းခံလွှာကို အသုံးပြုရပါမည်။

- ဆေးရုံကာကွယ်ဆေးထိုးစုရပ်များသည်
  - တစ်ရက်စာလာထိုးမည့်ကလေး (၅၀)ဦးစာအပေါ်တွင် မူတည်၍ တွက်ချက်ရပါမည်။
- အခြားကာကွယ်ဆေးထိုးစုရပ်များသည်
  - ဧပြီ၊ မေနှင့် ဇွန် (၃) လအတွင်း ကာကွယ်ဆေးထိုးရမည့် ကလေးဦးရေ ကို Due List နှင့် Session Plan အရခန့်မှန်းတွက်ချက်ရပါမည်။

| |
|---|
| ✓ သိုလှောင်ထားသော ကာကွယ်ဆေးများကို သက်တမ်းကုန်ဆုံးရက်၊ VVM အခြေအနေတို့ကို သေချာစစ်ဆေးရပါမည်။<br>✓ ဖွင့်ဖောက်ပြီးသော Multi-dose vial များ (၂၈) ရက်ကျော်ပါက အသုံးပြုမရတော့သည်ကို သတိပြုပါ။<br>✓ ကာကွယ်ဆေးတောင်းခံရာတွင် ယခင်လ လက်ကျန်မှကာကွယ်ဆေးများကို နုတ်ပြီးမှ တောင်းခံရမည်ဖြစ်ရာသက်တမ်းကုန်/ မသုံးစွဲနိုင်သော VVM အခြေအနေရှိသော ကာကွယ်ဆေးများရှိနိုင်သည်ကိုသတိပြုပါ။<br>✓ အဆိုပါ ပျက်စီးကာကွယ်ဆေးများရှိပါကရေခဲသေတ္တာအတွင်းမှ ဖယ်ထုတ်၍ စနစ်တကျစွန့်ပစ်ရမည်။ |

## ၅.၂။ ကာကွယ်ဆေးထိုးလုပ်ငန်းသုံးပစ္စည်း

ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် အသုံးပြုရသော ကာကွယ်ဆေးထိုးလုပ်ငန်းသုံးပစ္စည်း တောင်းခံလွှာကို အသုံးပြုရပါမည်။

- ဆေးရုံ/အခြားကာကွယ်ဆေးထိုးစုရပ်များသည် ကာကွယ်ဆေးထိုးလုပ်ငန်းသုံးပစ္စည်းများ လုံလောက်စေရန် ခန့်မှန်းတွက်ချက်ရာတွင် တောင်းခံထားသောကာကွယ်ဆေးနှင့် လိုက်လျောညီထွေ တွက်ချက်ရမည်။

**၅.၃။ လက်သန့်စင်ရန်အတွက်ပြင်ဆင်ခြင်း**

ကာကွယ်ဆေးထိုးသည့်နေရာသို့ မဝင်လာမီ ဆေးခန်းပြင်ပတွင် လက်ဆေးကန်၊ ရေနှင့်ဆပ်ပြာ ရှိရပါမည်။ လက်ဆေးကန်မရှိပါက အရည်အသွေးပြည့်မီသော လက်သန့်စင်ဆေးရည်ကိုဆေးခန်းပြင်ပ တွင် ကလေးမိဘ/ အုပ်ထိန်းသူနှင့် ကလေးများသာအသုံးပြုရန် ထားရှိရပါမည်။လက်ကို ရေ၊ဆပ်ပြာနှင့် ဆေးခြင်းသည် အကောင်းဆုံးဖြစ်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း များနှင့်တိုင်ပင်ညှိနှိုင်း၍ လက်ဆေးကန်ကို ဆောင်ရွက်ထားသင့်ပါသည်။ ကလေးနှင့် မိဘအုပ်ထိန်း သူများကို ပိုးသတ်ဆေးရည်ဖျန်းခြင်းစသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ မပြဋ္ဌာန်းသော နည်းလမ်းများကို (လုံးဝ)အသုံးမပြုရပါ။

**၅.၄။ ပါးစပ်နှင့် နှာခေါင်းစည်း၊ မျက်နှာကာ (Surgical mask နှင့် Face-shield)**

ကာကွယ်ဆေးထိုးသူတစ်ဦးအတွက် တစ်ခါသုံးပါးစပ်နှင့် နှာခေါင်းစည်း (၁)ရက်လျှင် (၁)ခုနှုန်း ဖြင့်လည်းကောင်း၊ ပြန်လည်သုံးစွဲနိုင်သော မျက်နှာကာ (၁)ခုစီ ရှိရပါမည်။


**၅.၅။ မိဘ/အုပ်ထိန်းသူအတွက်ပါးစပ်နှင့်နှာခေါင်းစည်းနှင့် ကလေးအတွက်မျက်နှာကာ**

ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့ ကလေးနှင့်အတူမိဘ/အုပ်ထိန်းသူတစ်ဦးတည်း လိုက်ပါရ ပါမည်။ ကာကွယ်ဆေးထိုးစုရပ်ကိုလာစဉ် နေအိမ်မှထွက်ခွာကတည်းကမိဘ / အုပ်ထိန်းသူတို့သည် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ရပါမည်။ ကလေးများအတွက် အသက်ရှူမကြပ်စေရန် သတိပြု၍ ကလေးမျက်နှာကာ (baby face shield) (သို့မဟုတ်) ပုဝါ/အနှီး (baby covering) အုပ်လာရပါမည်။ ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်မထားသော မိဘ/အုပ်ထိန်းသူ၊ ကလေးမျက်နှာကာ (baby face shield)(သို့မဟုတ်)ပုဝါ/အနှီး(baby covering) မပါသောကလေးနှင့် မည်သူ့ကိုမဆို ကျန်းမာရေးဌာန/ ဆေးခန်း/ဆေးရုံသို့ ဝင်ရောက်ခြင်းမှ တားမြစ်နိုင်ပါသည်။

အကယ်၍ ဆေးခန်းရောက်သည့်အချိန်တွင် အကြောင်းကြောင်းကြောင့် အရေးပေါ် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ရန် အခက်အခဲရှိပါက ကျန်းမာရေးဌာနခွဲများတွင် ခွဲဝေပေးထားသော ပါးစပ်နှင့်နှာခေါင်းစည်းကျန်ရှိပါက တပ်ဆင်ပေးသင့်ပါသည်။ နောက်တစ်ကြိမ်လာရောက်လျှင် ချွင်းချက်မရှိ ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်ကြောင်းမှာကြားရပါမည်။

**၅.၆။ ကာကွယ်ဆေးထိုးခန်းစုရပ်ရှိတန်းစီ/စောင့်ဆိုင်းရာနေရာများအားထင်ရှားစွာအမှတ်အသားပြုလုပ်ခြင်း**

ကာကွယ်ဆေးထိုးခန်းကို လမ်းညွှန်ပြသသောမြှား၊ လက်ဆေးရန်တန်းစီစောင့်ဆိုင်းရန်နေရာ၊ ကာကွယ်ဆေးထိုးရန်စောင့်ဆိုင်းသောထိုင်ခုံနေရာ၊ကာကွယ်ဆေးထိုးရန်နေရာ၊ ကာကွယ်ဆေးထိုးပြီး စောင့်ဆိုင်းရန်နေရာ၊ ဆေးထိုးခန်းမှပြန်လည်ထွက်ခွာရန်ဘက်ကို လမ်းညွှန်ပြသသောမြှား တို့ကို မြင်သာအောင် အရောင်ပါသောတိပ်ကြိုး (သို့မဟုတ်) ထုံးတို့ဖြင့် မှတ်သားပြသထားရန် လိုအပ်ပါသည်။



## ၆။ ကာကွယ်ဆေးထုတ်ယူခြင်းနှင့်ပို့ဆောင်ခြင်း

မိဘများက စိုးရိမ်ပူပန်စွာဖြင့် ကာကွယ်ဆေးရရှိရန် လာရောက်ထိုးနှံချိန်တွင် **ကာကွယ်ဆေး ပြတ်လပ်သွားခြင်းမရှိစေရန်** အလေးပေးစီစဉ်ထားသင့်ပါသည်။


- ဗဟိုကာကွယ်ဆေးအအေးခန်းမှ တိုင်းဒေသကြီး/ပြည်နယ်အဆင့် Sub-depot သို့ ဗဟိုမှ ပို့ဆောင်ပေးပါမည်။
- ဆေးရုံ/မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနများသည် လိုအပ်မည့်ဆေးပမာဏကို သေချာစွာ တွက်ချက်၍ Sub-depot မှ ကာကွယ်ဆေးကို မိမိအစီအစဉ်ဖြင့် လာရောက်ထုတ်ယူ ရပါမည်။
- မြို့နယ်အောက်အဆင့် ကျန်းမာရေးဌာန/ဌာနခွဲများအတွက် ကာကွယ်ဆေးကို မြို့နယ်အစီ အစဉ်ဖြင့် ပို့ဆောင်ပေးရပါမည်။ ကာကွယ်ဆေးထုတ်ယူရန် အများသုံးပို့ဆောင်ရေးယာဉ် မရရှိပါက ဈေးနှုန်းအသက်သာဆုံး ပို့ဆောင်ရေးလမ်းကြောင်းကို အသုံးပြုရပါမည်။
- ကာကွယ်ဆေး သယ်ယူပို့ဆောင်ခြင်းအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ သုံးစွဲရပါမည်။ မြို့နယ်ငွေစာရင်းတွင် ဘဏ္ဍာငွေလုံလောက်မှုမရှိပါက ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲသို့ တင်ပြတောင်းခံရပါမည်။
- ကာကွယ်ဆေးထပ်မံထုတ်ယူရန်လိုအပ်နိုင်ပါသည်။ ဆေးထုတ်မည့်အစီအစဉ်ကို အနုစိတ် စီမံချက်တွင် ပြည့်စုံစွာထည့်သွင်းမှသာ ရန်ပုံငွေသုံးစွဲရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း နှင့်အညီ အထောက်အကူဖြစ်မည် ဖြစ်ပါသည်။
- ကာကွယ်ဆေးများပို့ဆောင်ရာတွင် စေတနာ့ဝန်ထမ်းများအကူအညီကိုရယူသင့်ပါသည်။

## ၇။ ကာကွယ်ဆေးထိုးခြင်း

ကာကွယ်ဆေးထိုးစုရပ်၊ ဆေးခန်းသည် ဆေးရုံ၊ ဒေသန္တရဆေးခန်း၊ မိခင်ကလေး၊ ကျေးလက်ကျန်းမာရေးဌာန၊ကျေးလက်ကျန်းမာရေးဌာနခွဲများအနက် မည်သည့်နေရာတွင်ဖြစ်စေကာမူ အောက်ပါအချက်များဖြင့် ပြည့်စုံစေရန် ကြိုတင်ပြင်ဆင်ရပါမည်။

### ၇.၁။ ကာကွယ်ဆေးထိုးရန်နေရာပြင်ဆင်ခြင်း

- အခြားလူနာများဝင်ရောက်ရန်နေရာနှင့် သီးခြားဝင်ပေါက်ဖြစ်ရပါမည်။
- မြင်သာသော အသိပေးဆိုင်းဘုတ်ထားရှိရပါမည်




- ကာကွယ်ဆေးထိုးမည့်စုရပ်နေရာသည် ကျယ်၍ လေဝင်လေထွက်ကောင်းသောနေရာ ဖြစ်စေရပါမည်။ တံခါးများ၊ ပြတင်းပေါက်များကိုဖွင့်ထားရပါမည်။
- အခြားလူနာခန်းများ (ပြင်ပလူနာဆောင်များ၊ အတွင်းလူနာဆောင်များ)၊ လူစုလူဝေးနေရာများကို ဖြတ်သန်းပြီးမှ ကာကွယ်ဆေးထိုးသည့်နေရာသို့ ရောက်ရှိခြင်းမဖြစ်စေရန် ပြင်ဆင်ရပါမည်။
- ကျန်းမာရေးဝန်ထမ်း(၁)ဦးတည်းကိုသာသတ်မှတ်၍ ကာကွယ်ဆေးထိုးသည့်တာဝန်ကိုပေးထားသင့်ပါသည်။ လူနာဆောင်များတွင်တာဝန်ကျသောဆရာမကို ကာကွယ်ဆေးထိုးရန်တာဝန်မချထားသင့်ပါ။
- ကာကွယ်ဆေးလာထိုးသော မိဘအုပ်ထိန်းသူများက အောက်ပါ လိုက်နာရန်အချက်များကို မြင်သာအောင် ချိတ်ဆွဲထားရပါမည်။

**ကာကွယ်ဆေးထိုးစုရပ်သို့ လာရောက်သော ကလေးမိဘအုပ်ထိန်းသူများသည် အောက်ပါ ညွှန်ကြားချက်များကို ချွင်းချက်မရှိ လိုက်နာရပါမည်။**


- ✓ ရပ်ကွက်/ကျေးရွာအုပ်ချုပ်သူ/စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးရမည့်နေ့ရက်၊ အချိန်နှင့် နေရာကို ရပ်ကွက်/လမ်း/ကျေးရွာ/လူအုပ်စုအလိုက် လက်ကိုင်စပီကာ/အသံချဲ့စက်ဖြင့် ကြေညာပါမည်။ မသိရှိပါက အနီးဆုံးဆေးရုံ/ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ဖုန်း/လူကိုယ်တိုင်ဖြင့် ဆက်သွယ်၍ ရက်ချိန်းယူရပါမည်။
- ✓ တစ်ရက်တွင် ကလေး (၅၀)ဦးခန့်သာ အများဆုံးထိုးနိုင်မည်ဖြစ်၍ ကာကွယ်ဆေးထိုးရန် လာသူကလေး(၅၀)ဦး ထက် ပိုပါက ရက်ချိန်းယူသွားပါ။ မိမိကို ချိန်းဆိုသည့်ရက်မှသာ လာပါ။
- ✓ ကာကွယ်ဆေးထိုးစုရပ်ကိုလာစဉ် နေအိမ်မှထွက်ခွာစဉ်ကတည်းက မိဘ/ အုပ်ထိန်းသူတို့သည် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ရပါမည်။ ကလေးများကိုအသက်ရှူမကြပ်စေရန် ဂရုပြု၍ ကလေးမျက်နှာကာ (သို့မဟုတ်) ပုဝါ/အနီးအုပ်လာရပါမည်။ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားသော မိဘ/အုပ်ထိန်းသူ၊ ကလေးမျက်နှာကာ (သို့မဟုတ်) ပုဝါ/အနီးအုပ်မလာသောကလေးမည်သူ့ကိုမဆို ကျန်းမာရေးဌာန/ ဆေးခန်း/ဆေးရုံသို့ ဝင်ရောက်ရန် ခွင့်ပြုမည်မဟုတ်ပါ။
- ✓ ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့ ကလေးနှင့်အတူမိဘ/အုပ်ထိန်းသူတစ်ဦးတည်းသာ ဝင်ခွင့်ပြုပါမည်။
- ✓ ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းသို့မဝင်ရောက်မီ ရေနှင့်ဆပ်ပြာ(သို့မဟုတ်) လက်သန့်ဆေးရည်ဖြင့် လက်ဆေးရပါမည်။
- ✓ ကာကွယ်ဆေးထိုးစုရပ်/ဆေးခန်းများတွင် ချိတ်ဆွဲထားသောလမ်းညွှန်များ၊ ညွှန်ကြားချက်များကို ရှာဖွေကြည့်ရှု၍ တိကျစွာလိုက်နာရပါမည်။
- ✓ ကလေး(သို့မဟုတ်) ကလေးနှင့်အတူနေအိမ်သားတစ်ဦးဦးသည် ဖျားနေသည် ဖြစ်စေ/အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါလက္ခဏာများရှိနေသည်ဖြစ်စေ ချိန်းဆိုထားသည့် ကာကွယ်ဆေးထိုးရန် ရက်တွင် မလာရောက်ဘဲ ပြန်လည်နေကောင်းလာသည့်အချိန်မှသာ ကျန်းမာရေးဌာနသို့ ဆက်သွယ် မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ရက်ချိန်းယူရပါမည်။
- ✓ အကယ်၍ ကလေး(သို့မဟုတ်)ကလေးနှင့်အတူနေအိမ်သားတစ်ဦးဦးသည် COVID-19 ဓါတ်ခွဲအတည်ပြုလူနာနှင့်ထိတွေ့ခဲ့သည်ဖြစ်စေ၊ home quarantine ပြုလုပ်ရန် လိုအပ်သော နေအိမ်မှဖြစ်စေ quarantine သတ်မှတ်ရက်ပြည့်ပြီးမှသာလျှင် ကျန်းမာရေးဌာနသို့ ဆက်သွယ်မေးမြန်း၍ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် ရက်ချိန်းယူရပါမည်။
- ✓ မိမိကိုယ်တိုင်ကိုလည်းကောင်း၊ မိမိကလေးကိုလည်းကောင်း၊ မိမိမိသားစုကိုလည်းကောင်း COVID-19 ရောဂါကူးစက်ခြင်းမရှိစေရန်နှင့် မိမိကလေးငယ်ကို မရရှိခဲ့သေးသော ကာကွယ်ဆေးများအားလုံးအပြည့်အဝရရှိရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များကို လိုက်နာ၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။

- ဆေးခန်း/ဆေးထိုးစုရပ်အဝင်ဂတွင်လက်ဆေးရန်ကန်/ လက်သန့်စင်ဆေးရည်ကို (ရေနှင့်ဆပ်ပြာတို့) ထားရှိပါမည်။
- အောက်ပါလက်ဆေးပုံကို ချိတ်ဆွဲထားရပါမည်။




- တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေရန် တန်းစီစောင့်ဆိုင်းရန်နေရာကို တိတ်ဖြင့် သတ်မှတ်ပေးရပါမည်။

**တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့်ပုံ**



## ၇.၂။ ကာကွယ်ဆေးထိုးရန်ပြင်ဆင်ခြင်း

- မိဘအုပ်ထိန်းသူနှင့် ကလေးတို့သည် ကာကွယ်ဆေးထိုးစုရပ်သို့ရောက်လျှင်ဦးစွာ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် ဆေးကြောစေရပါမည်။
- ကာကွယ်ဆေးမထိုးမီ ကာကွယ်ဆေးထိုးသူ/သားဖွားဆရာမသည် သန့်ရှင်းသောရေနှင့် ဆပ်ပြာအသုံးပြု၍လက်ဆေးပြီးခြောက်သွေ့အောင်ထားပါ။
- ကာကွယ်ဆေးထိုးသူ/သားဖွားဆရာမသည် ပါးစပ်နှင့် နှာခေါင်းစည်းအပြင် မျက်နှာကာ (Face shield )ကိုပါ သုံးစွဲရပါမည်။
- မိဘအုပ်ထိန်းသူများသည်ပါးစပ်၊ နှာခေါင်းစည်းများတပ်ဆင်၍ ကလေးများကို မျက်နှာကာ (သို့မဟုတ်) ပုဝါ/အနှီးကာ ထားရပါမည်။
- ကာကွယ်ဆေးထိုးသူသည် ကလေး (သို့မဟုတ်) မိဘအုပ်ထိန်းသူနှင့် မျက်နှာချင်းဆိုင်ခြင်း မရှိစေရန် သတိပြုပါ။
- ကလေးတစ်ဦးကာကွယ်ဆေးထိုးပြီးတိုင်း နောက်ကလေးတစ်ဦးကိုမကိုင်တွယ်မီ/ ကာကွယ် ဆေးမထိုးမီ လက်ကိုရေ၊ ဆပ်ပြာတို့ဖြင့် ဆေးကြောပါ။
- ကာကွယ်ဆေးထိုးသူ/သားဖွားဆရာမသည် ကာကွယ်ဆေးကိုင်တွယ်ရာတွင် ကာကွယ်ဆေး အာနိသင် မပျက်စေရန်အတွက် လက်သန့်စင်ရန် အရက်ပျံ(သို့မဟုတ်) လက်သန့်ဆေးရည် အသုံးမပြု ရပါ။
- ကာကွယ်ဆေးမထိုးမီ ကလေး၏လက်ရှိကျန်းမာရေးအခြေအနေကိုစစ်ဆေး မေးမြန်းခြင်း (screening) ပြုလုပ်ပါ။ ကာကွယ်ဆေးမထိုးပေးရမည့်အခြေအနေမရှိမှသာလျှင် ကာကွယ် ဆေးထိုးပေးရပါမည်။
- ကာကွယ်ဆေးထိုးပြီးနာရီဝက်စောင့်ဆိုင်းရန် သီးခြားနေရာအားစီစဉ်၍ အဆိုပါနေရာတွင် စောင့်ဆိုင်းရာတွင် တစ်ဦးနှင့်တစ်ဦးအနည်းဆုံး (၆) ပေအကွာရှိနေစေရမည်ဖြစ်သည်။

## ၇.၃။ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း

COVID-19 ဖြစ်ပွားမှုကြောင့် ရွှေ့ဆိုင်းခဲ့သောလများ (ဧပြီလနှင့်မေလ)အပြင် အရင်လများတွင် ကာကွယ်ဆေးမထိုးခဲ့ရသည့်ကလေးများလည်း ရောက်ရှိလာနိုင်ပါသည်။ ၎င်းကလေးများကိုရွှေ့ဆိုင်းခြင်းမရှိဘဲထိုးပေးသင့်ပါသည်။ ထို့ကြောင့် ကာကွယ်ဆေးလိုအပ်ချက်ရှိလာနိုင်ပါသည်။ တစ်ရက်အတွင်း လျာထားချက်တွင် မပါဘဲထိုးနှံပေးခဲ့ရသော ကလေးဦးရေအပေါ်တွင် မူတည်၍ ကာကွယ်ဆေးထပ်မံတောင်းခံရန် ပြင်ဆင်ရပါမည်။

- ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားကိုကြည့်ရှု၍ မထိုးရသေးသောကာကွယ်ဆေးများကို စစ်ဆေးပါ။
- ကလေး၏လက်ရှိအသက်အရွယ်တွင် ရရှိရန် ပြဋ္ဌာန်းထားပြီး မရရှိသေးသော ကာကွယ်ဆေးများကို ထိုးနှံ/တိုက်ကျွေးပေးပါ။ အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းလမ်းညွှန်(Catch-up vaccination guideline- ၂၀၁၇)နှင့် ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြား၏ နောက်ကျောဘက်တွင်ပါရှိသော ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းအစီအစဉ်ဇယားကို အသုံးပြုပါ။)

ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းနှင့်

ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ရန် အသင့်တော်ဆုံးအသက်အရွယ်တွင် မထိုး၊ မတိုက်လိုက်ရသောကလေးများအတွက်လမ်းညွှန်

| ကာကွယ်ဆေး | | မွေးစ* | ၂-လ | ၄-လ | ၆-လ | ၉-လ | ၁-နှစ် | ၁-နှစ်ခွဲ | ၃-နှစ် | ၅-နှစ် | ၉-နှစ် | ၁၀-နှစ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘီစီဂျီ** | | | | | | | | | | | | |
| အသည်းရောင်အသားဝါ (ဘီ) | | | | | | | | | | | | |
| ပိုလီယို | ပထမအကြိမ် | | | | | | | | | | | |
| ပိုလီယို | ဒုတိယအကြိမ် | | | | | | | | | | | |
| ပိုလီယို | တတိယအကြိမ် | | | | | | | | | | | |
| ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ) | ပထမအကြိမ် | | | | | | | | | | | |
| ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ) | ဒုတိယအကြိမ် | | | | | | | | | | | |
| ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) | ပထမအကြိမ် | | | | | | | | | | | |
| ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) | ဒုတိယအကြိမ် | | | | | | | | | | | |
| ပြင်းထန်အဆုတ်ရောင် (ပီစီဗီ) | တတိယအကြိမ် | | | | | | | | | | | |
| ပိုလီယိုကာကွယ်ဆေးထိုးဆေး | | | | | | | | | | | | |
| ဝက်သက်-ဂျိုက်သိုး | ပထမအကြိမ် | | | | | | | | | | | |
| ဝက်သက်-ဂျိုက်သိုး | ဒုတိယအကြိမ် | | | | | | | | | | | |
| ဂျပန်ဦးနှောက်ရောင် | | | | | | | | | | | | |
| ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ (ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) | ပထမအကြိမ် | | | | | | | | | | | |
| ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ (ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) | ဒုတိယအကြိမ် | | | | | | | | | | | |
| ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ (ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) | တတိယအကြိမ် | | | | | | | | | | | |
| ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ (ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး) | စတုတ္ထအကြိမ် | | | | | | | | | | | |
| သားအိမ်ခေါင်းကင်ဆာ | | | | | | | | | | | | |

* မွေးဖွားသည်မှ (၂၄)နာရီအတွင်း ထိုးရန်။ အထက်ပါအတိုင်း မထိုးနိုင်ပါက (၇)ရက်အတွင်း ထိုးပေးနိုင်ပါသည်။

** ဘီစီဂျီကာကွယ်ဆေးကို မွေးစတွင်မထိုးနှံနိုင်ပါက အသက်(၂)လမတိုင်မီတွင်လည်းကောင်း၊ အသက်(၂)လတွင် အခြားကာကွယ်ဆေးများနှင့်အတူလည်းကောင်း ထိုးနှံရပါမည်။

**တစ်ကြိမ်နှင့်တစ်ကြိမ်ကြားတွင် အနည်းဆုံး (၂၈)ရက် ခြားရပါမည်။ အစိုးဆောင်း ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းကို ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းတွင် ထည့်သွင်းရေတွက်ခြင်းမပြုရပါ။ ကလေးသငယ်များအား ဒုတိယအကြိမ်ကာကွယ်ဆေးထိုးစဉ်တွင် ပိုလီယိုအစက်ချဆေးအပြင် ပိုလီယိုထိုးဆေးကိုပါ ထိုးနှံပေးရန် လိုပါသည်။**

(အစိမ်းရောင်) ကာကွယ်ဆေးထိုး၊ ဆေးတိုက်ရန် အသင့်တော်ဆုံးအသက်အရွယ် ဖြစ်ပါသည်။

(အဝါရောင်) အသင့်တော်ဆုံးအချိန်တွင် မထိုး၊ မတိုက်လိုက်ရပါက ဤအသက်အရွယ်တွင် ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးနိုင်ပါသည်။

(မီးခိုးရောင်) ဤအသက်အရွယ်တွင် ကာကွယ်ဆေးထိုး၊ တိုက်ရန် မလိုအပ်တော့ပါ။

ကာကွယ်ဆေးထိုးရန် နောက်ကျနေသော ကလေးများကို လက်ရှိထိုးနှံ/တိုက်ကျွေးပေးနေသော ကာကွယ်ဆေး(၁၂)မျိုးဖြင့် ထိုးနှံ/တိုက်ကျွေးရန် အောက်ပါအတိုင်း လိုက်နာပါ။

| ကာကွယ်ဆေး | လိုက်နာရန်အချက်များ |
| --- | --- |
| **ဘီစီဂျီကာကွယ်ဆေး** | • မွေးကင်းစမှ အသက် (၁) နှစ်အထိ ထိုးနှံပေးရမည်။<br>• ပထမအကြိမ် တွေ့ရှိသည့် တစ်နှစ်အောက်ကလေးတိုင်းကို ထိုးနှံပေးသင့်ပါသည်။ |
| **ပိုလီယိုအစက်ချကာကွယ်ဆေး (OPV)** | • ပထမအကြိမ်ဖြစ်စေ၊ ဒုတိယအကြိမ်ဖြစ်စေ တိုက်ကျွေးခဲ့ပြီးသောအထောက်အထား (ကာကွယ်ဆေးထိုးမှတ်တမ်း ကတ်ပြား (သို့မဟုတ်) ကာကွယ်ဆေးထိုးမှတ်ပုံတင်စာအုပ်) တွေ့ရှိပါက ကျန်ရှိသော ဆေးအကြိမ်ကို ဆက်လက်တိုက်ကျွေးပါ။ ဥပမာ - ပထမအကြိမ်ပြီးလျှင် ဒုတိယအကြိမ်ကိုလည်းကောင်း၊ ဒုတိယအကြိမ်ပြီးလျှင် တတိယအကြိမ်ကိုလည်းကောင်း ဆက်လက် တိုက်ကျွေးပါ။<br>• သို့ရာတွင်အပိုဆောင်းကာကွယ်ဆေးတိုက်အစီအစဉ်(၂၀၁၉) တွင် တိုက်ကျွေးခဲ့သော အကြိမ်အရေအတွက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုရပါ။<br>• အသက်အကန့်အသတ်မရှိ တိုက်နိုင်သည်။<br>• ပထမအကြိမ် (သို့မဟုတ်) ဒုတိယအကြိမ် ကာကွယ်ဆေးအတွက် နောက်ကျနေသောကလေးကို ဒုတိယအကြိမ် (သို့မဟုတ်) တတိယအကြိမ်ကို (၂)လခြား၍ တိုက်ကျွေးရန် မလိုပါ။ (၁)လခြား၍ ပြန်လည်ချိန်းဆို တိုက်ကျွေးသင့်ပါသည်။ သို့မှသာ အချိန်တိုအတွင်းလွတ်သွားသော ကာကွယ်ဆေးများကို အမီလိုက်နိုင်၍ ရရှိမည်ဖြစ်သည်။ |

| ကာကွယ်ဆေး | လိုက်နာရန်အချက်များ |
| --- | --- |
| **ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး** | • (၂၀၂၀)ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ထည့်သွင်းသော ကာကွယ်ဆေးဖြစ်၍ (၁-၁၂-၂၀၁၉) ရက်နေ့နောက်ပိုင်း မွေးဖွားသောကလေးများကိုသာ(၂)ကြိမ်တိုက်ကျွေးပေးရပါမည်။<br>• ပထမအကြိမ်တိုက်ကျွေးပြီးသော အထောက်အထားများ (ကာကွယ်ဆေးထိုးမှတ် တမ်းကတ်ပြား/ ကာကွယ်ဆေးထိုးမှတ်ပုံတင်စာအုပ်)တွေ့ရှိပါက ကျန်ရှိသော ဒုတိယအကြိမ်ကိုသာဆက်လက်တိုက်ကျွေးပေးပါ။ ပထမအကြိမ်မှပြန်စရန် မလိုပါ။<br>• ပထမအကြိမ်ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး စတင် တိုက်ကျွေးသောကလေးသည် အသက်(၂)လကျော်နေပါက ဒုတိယအကြိမ်ကို (၂)လခြား၍ တိုက်ကျွေးရန်မလိုပါ။ (၁)လခြား၍ ပြန်လည် ချိန်းဆိုတိုက်ကျွေးသင့်ပါသည်။ သို့မှသာ အချိန်တိုအတွင်း လွတ်သွားသောကာကွယ်ဆေးများကို အမီလိုက်နိုင်၍ ရရှိမည်ဖြစ်သည်။<br>• (၄)လကျော်သည့်အရွယ်တွင် တိုက်ကျွေးနိုင်ပါသည်။ |
| **ဆုံဆို့- ကြက်ညှာ - မေးခိုင် - အသည်းရောင်အသားဝါ (ဘီ)- ဦးနှောက်အမြှေးရောင် ကာကွယ်ဆေး(ငါးမျိုးစပ်ကာကွယ်ဆေး)** | • ပထမအကြိမ်ဖြစ်စေ၊ဒုတိယအကြိမ်ဖြစ်စေထိုးနှံပြီးသော အထောက်အထားများ (ကာကွယ်ဆေးထိုးမှတ်တမ်း ကတ်ပြား/ ကာကွယ်ဆေးထိုးမှတ်ပုံတင်စာအုပ်) တွေ့ရှိပါက ကျန်ရှိသောဆေးအကြိမ်ကိုသာ ဆက်လက်ထိုးနှံပေးပါ။ ပထမအကြိမ်မှပြန်စရန်မလိုပါ။ ဥပမာ-ပထမအကြိမ်ပြီးလျှင် ဒုတိယအကြိမ်ကိုလည်းကောင်း၊ ဒုတိယ အကြိမ်ပြီးလျှင် တတိယအကြိမ်ကိုလည်းကောင်း ဆက်လက် ထိုးနှံပေးရပါမည်။ |

| ကာကွယ်ဆေး | လိုက်နာရန်အချက်များ |
|---|---|
| | • ပေါင်တွင် ထိုးနှံခံရဖူးကြောင်းပြောသော်လည်း ပထမအကြိမ် (သို့မဟုတ်) ဒုတိယအကြိမ်မှန်း မသေချာပါက ဒုတိယ အကြိမ် အဖြစ် စတင်သတ်မှတ်၍ ထိုးနှံပေးပါ။<br>• အသက် (၂) လမှစတင်၍ (၃)နှစ်အရွယ် အထိ ကလေးများကို ငါးမျိုးစပ်ကာကွယ်ဆေး ထိုးနှံပေး နိုင်ပါသည်။<br>• အသက်(၃)နှစ်မှ(၇)နှစ်အထိကလေးများကို ဆုံဆို့ – မေးခိုင် ကာကွယ်ဆေး (DT) ထိုးနှံပေးနိုင်ပါသည်။<br>• အသက် (၇) နှစ်မှ (၁၅) နှစ်အထိကလေးများကို မေးခိုင် – ဆုံဆို့ ကာကွယ်ဆေး (Td) ထိုးနှံပေးနိုင်ပါသည်။<br>• ပထမအကြိမ်(သို့မဟုတ်) ဒုတိယအကြိမ် ကာကွယ်ဆေး အတွက် နောက်ကျနေသောကလေးကို ဒုတိယအကြိမ် (သို့ မဟုတ်) တတိယအကြိမ်ကို (၂)လခြား၍ ထိုးပေးရန် မလိုပါ။ (၁)လခြား၍ ပြန်လည်ချိန်းဆို ထိုးနှံပေးသင့်ပါသည်။ သို့မှသာ အချိန်တိုအတွင်း လွတ်သွားသောကာကွယ်ဆေး များကို အမီလိုက်နိုင်၍ ရရှိမည်ဖြစ်သည်။<br>• ငါးမျိုးစပ်ကာကွယ်ဆေး (စတုတ္ထအကြိမ်)သည် (၂၀၂၀) ခုနှစ်၊ ဖေဖော်ဝါရီလမှစတင် ထည့်သွင်းထိုးနှံသော ကာ ကွယ်ဆေးဖြစ်၍ ငါးမျိုးစပ်ကာကွယ်ဆေး (တတိယ အကြိမ်) ရရှိပြီးသော အသက်(၁၈)လပြည့်ပြီးကလေးကိုသာ ထိုးနှံ နိုင်ပါသည်။<br>• (၂၀၁၈)၊ စက်တင်ဘာလတွင်မွေးဖွားသည့်ကလေးများ ဖြစ်ပါမည်။ |

| ကာကွယ်ဆေး | လိုက်နာရန်အချက်များ |
|---|---|
| **ပိုလီယိုကာကွယ်ဆေး ထိုးဆေး (IPV)** | • လွတ်သွားသော အကြိမ်အတွက်သာ ထိုးနှံသင့်ပါသည်။<br>• ကြီးသောအသက်အုပ်စုအတွက် ထိုးရန် ကာကွယ်ဆေး လုံလောက်မှုမရှိပါ။ |
| **ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး (PCV)** | • (၂၀၁၆) ခုနှစ်၊ ဇူလိုင်လမှစတင်ထည့်သွင်းထိုးနှံသောကာ ကွယ်ဆေးဖြစ်၍ (၁-၅-၂၀၁၆) ရက်နေ့နောက်ပိုင်း မွေးဖွား သောကလေးများကိုသာ (၃) ကြိမ်ထိုးနှံပေးရပါမည်။<br>• ပထမအကြိမ်ဖြစ်စေ၊ ဒုတိယအကြိမ်ဖြစ်စေ ထိုးနှံပြီးသော အထောက်အထားများ (ကာကွယ်ဆေးထိုး မှတ်တမ်း ကတ်ပြား/ ကာကွယ်ဆေးထိုးမှတ်ပုံတင်စာအုပ်) တွေ့ရှိပါက ကျန်ရှိသောဆေးအကြိမ်ကိုသာ ဆက်လက်ထိုးနှံပေးပါ။ ပထမအကြိမ်မှပြန်စရန်မလိုပါ။ ဥပမာ- ပထမအကြိမ်ပြီးလျှင် ဒုတိယအကြိမ်ကိုလည်းကောင်း၊ ဒုတိယအကြိမ်ပြီးလျှင် တတိယအကြိမ်ကိုလည်းကောင်း ဆက်လက်ထိုးနှံပေး ရပါမည်။<br>• ထို့ကြောင့် (၂၀၁၆) ခုနှစ်၊ ဇူလိုင်လမှစတင်၍ထိုးနှံခဲ့ပြီး တစ်ဝက်တစ်ပြက်ထိုးနှံထားပြီးသောကလေးများကို တွေ့ရှိလျှင် ရောက်သည့်ဆေးအကြိမ်မှ ဆက်လက်ထိုးနှံပေးပါ။<br>• ပထမအကြိမ်(သို့မဟုတ်) ဒုတိယအကြိမ် ကာကွယ်ဆေးအတွက် နောက်ကျနေသောကလေးကို ဒုတိယအကြိမ် (သို့မဟုတ်) တတိယအကြိမ်ကို (၂)လခြား၍ ထိုးပေးရန်မလိုပါ။ (၁)လခြား၍ ပြန်လည်ချိန်းဆိုထိုးနှံပေးသင့်ပါသည်။ သို့မှသာ အချိန်တိုအတွင်း လွတ်သွားသော ကာကွယ်ဆေးများကို အမီလိုက်နိုင်၍ ရရှိမည်ဖြစ်သည်။ |

| ကာကွယ်ဆေး | လိုက်နာရန်အချက်များ |
|---|---|
| **ဝက်သက်/ဂျိုက်သိုးရောဂါ ကာကွယ်ဆေး (MR)** | • အသက် (၉) လပြည့်ပြီးကလေးများကို ပထမအကြိမ် စတွေ့ သည်နှင့် ပထမအကြိမ် ထိုးပါ။<br>• ကလေးအသက်(၁၈)လပြည့်ပါကဒုတိယအကြိမ်ထိုးပါ။<br>• ပထမအကြိမ်ထိုးသောကလေးသည် အသက် (၁၈)လ နှင့် အထက်ဖြစ်နေပါက (၁)လ အကြာတွင် ဒုတိယ အကြိမ် ထိုးပါ။<br>• (၁၅) နှစ်အရွယ်အထိ ထိုးနိုင်ပါသည်။<br>• သို့ရာတွင်အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၉) တွင် ထိုးနှံခဲ့သောအကြိမ်ကို ထည့်သွင်း မရေတွက်ရပါ။ |
| **ဂျပန်ဦးနှောက်ရောင်ကာ ကွယ်ဆေး** | • အသက် (၉) လပြည့်ပြီးကလေးများကို ပထမအကြိမ် စတွေ့ သည်နှင့် ထိုးနှံပေးပါ။<br>• (၁) ကြိမ်တည်းသာ ထိုးနှံပေးရမည်။<br>• အစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၇)တွင် ထိုးနှံ ပေး ခဲ့သောအကြိမ်ကို ထည့်သွင်းမရေတွက်ရပါ။<br>• (၅)နှစ်အောက်အရွယ်ကလေးငယ်များကိုထိုးပေးနိုင်ပါ သည်။ |
| **မေးခိုင်-ဆုံဆို့ (Td)** | • ကိုယ်ဝန်ဆောင်မိခင်အားလုံးကို အနည်းဆုံး (၂) ကြိမ် ရအောင်ထိုးနှံပေးပါ။<br>• ယခင်က ထိုးနှံခဲ့ဖူးသောအကြိမ်ကို ထည့်သွင်းရေတွက် ရန်မလိုပါ။ |

## ၇.၄။ မိဘအုပ်ထိန်းသူများကို မှာကြားခြင်း

ကာကွယ်ဆေးထိုးရန်နောက်တစ်ကြိမ်ပြန်လာရမည့်ရက်စွဲကို ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားတွင်ရေးမှတ်၍မိဘအုပ်ထိန်းသူကိုမှတ်မိစေရန်မှာကြားပါ။

- ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားသည် ကလေးများကျောင်းအပ်နှံရာတွင်ပြသရမည့် အရေးကြီးသောမှတ်တမ်းဖြစ်၍ မွေးစာရင်းနှင့်အတူမပျောက်ပျက်စေရန်အတွက် ကောင်းမွန်စွာ သိမ်းဆည်းထားရန်မှာကြားကာ မိဘအုပ်ထိန်းသူကိုပြန်ပေးပါ။
- ကလေးငယ်ကျန်းမာရေးဌာနသို့ အခြားအကြောင်းများဖြင့် လာရောက်ပြသသည့်အခါတိုင်း ယူဆောင်လာရန်သတိပေးပြောကြားပါ။
- မိဘအုပ်ထိန်းသူများက စိတ်ပူပန်မှုဖြင့် မေးမြန်းသော မေးခွန်းများကို တတ်နိုင်သလောက် ဖြေကြားပေးပါ။

## ၇.၅။ မှတ်တမ်းရေးသွင်းခြင်း၊ ပျက်ကွက်ကလေးရှာဖွေခြင်း

- ကာကွယ်ဆေးထိုးစုရပ်ဆောင်ရွက် ပြီးဆုံးပြီးနောက် due list ကို စိစစ်ပြီး ကာကွယ်ဆေးထိုးစုရပ်သို့မလာရောက်သောဆေးထိုးပျက်ကွက်သူများစာရင်းပြုစု၍စေတနာ့ဝန်ထမ်းများကိုဆေးထိုးပျက်ကွက်သူများကိုခြေရာခံလိုက်လံရှာဖွေပေးရန်နှင့်နောက်တစ်ကြိမ် အနီးဆုံးကာကွယ်ဆေးထိုးစုရပ်သို့ လာရောက်ဆေးထိုးရန်အတွက် စည်းရုံးခေါ်ဆောင်လာပေးရန် အကူအညီတောင်းခံပါ။ မလာရောက်နိုင်သည့် အခက်အခဲရှိပါက ကူညီဆောင်ရွက် ပေးရန် မှာကြားပါ။
- အသုံးပြုပြီးကာကွယ်ဆေးပုလင်းများနှင့်ဆေးထိုးလုပ်ငန်းသုံးပစ္စည်းများကို ဘေးကင်းလုံခြုံစွာစွန့်ပစ်ပါ။
- ကာကွယ်ဆေးထိုးစုရပ်နေရာကိုသန့်ရှင်းရေးပြန်လည်ဆောင်ရွက်ခဲ့ပါ။
- ကာကွယ်ဆေးထိုးစုရပ်တွင်လာရောက်ကူညီပေးခဲ့ကြသောဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ဒေသခံစေတနာ့ဝန်ထမ်းများကိုကျေးဇူးတင်ကြောင်းပြောကြားပါ။
- နောက်တစ်ကြိမ် လာရောက်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးစုရပ်ဆောင်ရွက်မည့် ရက်စွဲနှင့်အချိန်ကိုသတိပေးပြောကြားပါ။

## ၈။ အစီရင်ခံစာပေးပို့ခြင်း

ကာကွယ်ဆေးထိုးလုပ်ငန်းအစီရင်ခံခြင်းတွင် ကာကွယ်ဆေးထိုးသူသည် ကလေးအရေအတွက် များခြင်း၊ လွှမ်းခြုံမှုနည်းပါးခြင်း၊ ကာကွယ်ဆေးမထိုးဘဲကျန်ခဲ့သော ကလေးများမည်ကို စိုးရိမ်ပူပန်တတ်ပါသည်။ ရည်ရွယ်ချက်မှာ ကာကွယ်ဆေးကို မည်သည့်နေရာမှ ရရှိသည်ဖြစ်စေ ကလေးအားလုံး ရရှိရန်သာဖြစ်ပါသည်။ ထို့ကြောင့် မိမိထိုးနှံ၊ တိုက်ကျွေးပေးသော ကလေးဦးရေကိုသာ အစီရင်ခံရပါမည်။ ဆေးထိုးလွှမ်းခြုံမှုကို စိုးရိမ်ရန်မလိုပါ။ ကာကွယ်ဆေးလွှမ်းခြုံမှုကို ကာကွယ်ဆေးထိုးလွှမ်းခြုံမှု စစ်တမ်းများက စိစစ်ပေးမည် ဖြစ်ပါသည်။

- ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသည်
    - မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက်အရွယ်ကလေးငယ်များကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးမှုကို သတင်းပို့ပုံစံ တွင် ဖြည့်စွက်ပါ။ လွှမ်းခြုံမှု တွက်ရန် အသုံးပြုပါ။
    - အသက် (၁)နှစ်ခွဲအထက်ကလေးများ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးမှုကို သတင်းပို့ပုံစံ တွင် ဖြည့်စွက်ပါ။
- ဆေးရုံကာကွယ်ဆေးထိုးခန်းများသည်လာရောက်ထိုးနှံသောကလေးများကို မည်သည့်နေရာမှ လာသည်ဖြစ်စေ ထိုးနှံပေးရာတွင်-
    - မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက်အရွယ်ကလေးငယ်များကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးမှုကို သတင်းပို့ပုံစံတွင် ဖြည့်စွက်ပါ။ လွှမ်းခြုံမှုတွက်ရန် အသုံးပြုပါ။
    - အသက် (၁)နှစ်ခွဲအထက်ကလေးများ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးမှုကို သတင်းပို့ပုံစံ တွင် ဖြည့်စွက်ပါ။
    - မြို့နယ်အလိုက် စာရင်းပြုစုထားသင့်ပါသည်။
    - နောက်တစ်ကြိမ်တွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကာကွယ်ဆေးထိုးစုရပ်များတွင် ကာကွယ်ဆေးထိုးမှတ်တမ်းကတ်ပြားဖြင့် သွားရောက်ထိုးနှံရန် မိဘအုပ်ထိန်းသူကို မှာကြားရပါမည်။

## ၉။ လုပ်ငန်းဆန်းစစ်ဆွေးနွေးခြင်း

ပုံမှန်အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဖြေရှင်းရန် လိုအပ်သည့်အခက်အခဲများကို မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဗဟိုအဆင့်တိုးချဲ့ကာကွယ်ဆေး ထိုးလုပ်ငန်း နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးပွဲ များတွင် အချိန်နှင့်တပြေးညီ ထည့်သွင်းဆန်းစစ်ရပါမည်။

## ၁၀။ ရန်ပုံငွေသုံးစွဲခြင်း

နိုင်ငံတော်ဘဏ္ဍာငွေနှင့် Gavi HSS2 ရန်ပုံငွေဖြင့် ဆောင်ရွက်ပါမည်။ INGOs အနေဖြင့် ပူးပေါင်းဆောင်ရွက်လိုပါက ငွေသားမဟုတ်သော အခြားအကူအညီများကိုသာ ရယူသင့်ပါသည်။ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများရှိပါက ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

## ၁၁။ နိဂုံး

အထက်ပါစံကိုက်လုပ်ငန်းစဉ်များကိုလိုက်နာဆောင်ရွက်၍ COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်၊ကာကွယ်တားဆီးရေးလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရာတွင်ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံးမှ လိုလား တက်ကြွစွာပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် ရည်မှန်းအသက်အုပ်စုဝင် ကလေးငယ်များအားလုံး တစ်ယောက်မကျန်ဘေးအန္တရာယ်ကင်း၍လုံခြုံစိတ်ချစွာ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးနိုင်မည် ဖြစ်ရာ ကလေးများတွင်ကာကွယ်ဆေးဖြင့်ကာကွယ်နိုင်သောရောဂါများဖြစ်ပွား/သေဆုံးမှုမှ ကာကွယ် တားဆီးနိုင်မည်ဖြစ်ပါသည်။